အောင်ချမ်းသာကျေးရွာ
ခေါတောကျေးရွာအုပ်စု၊ ဝက်လက်မြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အောင်ချမ်းသာကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဝက်လက်မြို့၏
အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ

မာတိကာ

		စာမျက်နှာ
၁။	တည်နေရာနှင့်ပထဝီအနေအထား	၁
၂။	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၁
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၁
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	၂
	(ခ) မွေးမြူရေးလုပ်ငန်း	၂-၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၃
	(ဃ) စီးပွားကူးသန်းရောင်းဝယ်ရေး	၃
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၃
၅။	အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၄
	(ခ) ကျေးရွာမီးလင်းရေး	၄
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၄
၆။	ပညာရေး	၅
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	၅
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၅
၉။	ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ	၆
၁၀။	ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	၇-၈
	နောက်ဆက်တွဲ(၁) - ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား	၉
	အဆိုပြုစီမံချက်ရွေးချယ်မှု ရမှတ်ပေါင်း	၁၀
	နောက်ဆက်တွဲ(၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	

၁။ တည်နေရာနှင့် ပထဝီအနေအထား

အောင်ချမ်းသာကျေးရွာသည် ခေါတောကျေးရွာအုပ်စုတွင် ပါဝင်ပြီး ဝက်လက်မြို့၏ တောင်ဘက်အပိုင်းတွင် တည်ရှိပြီးအရှေ့မှ အနောက်သို့(၀.၅)မိုင်နှင့် တောင်မှမြောက်သို့ (၁)မိုင် ရှည်လျားပါသည်။ ဝက်လက်မြို့နှင့်(၅)မိုင်ကွာဝေးပါသည်။ အောင်ချမ်းသာကျေးရွာ၏ ဧရိယာမှာ (၂.၅)စတုရန်းမိုင်ကျယ်ဝန်းပါသည်။ အောင်ချမ်းသာကျေးရွာ၏ အရှေ့ဘက်တွင် ရုံးသာ၊ ဝက်လူးအိုင်ကျေးရွာများ ၊ မြောက်ဘက်တွင် သဲပုတ်ကုန်း၊ ကျီးပြား၊ စပါယ်တောကျေးရွာများ၊ အနောက်ဘက်တွင် ရွာသာကြီး၊ ထုံးဘိုကျေးရွာများ၊ တောင်ဘက်တွင် ဆင်းကွတ်(တ+မ)ကျေးရွာများနှင့်ဆက်စပ်လျှက်ရှိပါသည်။ အောင်ချမ်းသာကျေးရွာ၏ ပတ်လည်တွင်လယ်ကွင်းများရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

အောင်ချမ်းသာကျေးရွာသည် ပူအိုက်ခြောက်သွေ့သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၄၂)ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်(၃၀)ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ သဘာဝအရင်းမြစ်များမှာ ထနောင်း၊ တမာ၊ မန်ကျည်း၊ သရက်၊ ကုက္ကိုလ်၊ သပြေနှင့် အခြား အမျိုးအစားသစ်ပင်များစွာ ပေါက်ရောက်လျှက်ရှိပါသည်။ ကြီးမားသော တောရိုင်းတိရစ္ဆာန်မရှိပါ။ တောနေတိရစ္ဆာန်များဖြစ်ကြသော ယုန်၊ ဖား၊ ကြွက်၊ မြွေ၊ တောကြက်၊ ဘဲနှင့် ငှက်အမျိုးအစား စုံလင်စွာရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အောင်ချမ်းသာကျေးရွာသည် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့်ရှိပါသည်။ ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ကျေးရွာအတွင်း အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကာလသားအမျိုးသား/အမျိုးသမီးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျေးရွာမီးသတ်အဖွဲ့များ ဖွဲ့စည်းထားရှိပါသည်။ သို့သော် အဖွဲ့အစည်းအချို့မှာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှု အားနည်းလျှက်ရှိပါသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ပြီး ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည့် အဖွဲ့အစည်း ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အောင်ချမ်းသာကျေးရွာတွင် လယ်မြေ(၂၁၆)ဧက၊ ယာမြေ(၇၃)ဧက၊ စုစုပေါင်း (၂၈၉) ဧကရှိပါသည်။ (၂.၅ဧကအောက်) တောင်သူငယ်များနှင့် (၂.၅ဧကမှ ၅ဧကကြား) တောင်သူလတ်ဦးရေများပြားပြီး တောင်သူကြီးဦးရေ နည်းပါးပါသည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့်

အိမ်ထောင်စုများမှာ ကျေးရွာရှိ အိမ်ထောင်စုပေါင်း၏(၇၀%)ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းပြီး မြို့အရပ်ဒေသနှင့်နီးသော ကျေးရွာဖြစ်ပြီး အခြားဝင်ငွေရလုပ်ငန်းလုပ်သားများ အလုပ်အကိုင်ပေါများသည့် အရပ်ဒေသဖြစ်ပါသည်။

မြေယာမဲတောင်သူများမှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ လုပ်သား(လက်သမား၊ ပန်းရံ၊ သံဂဟော၊ ကုန်ကားနောက်လိုက်၊ ကားမောင်း အသက်မွေးခြင်း)ဖြင့် ဝင်ငွေရှာ၍ မိသားစုစားဝတ်နေရေးရပ်တည်ကြပါသည်။ ဆည်ရေဝင်အရပ်ဒေသဖြစ်ပြီး သီးနှံစိုက်ပျိုးချိန် လုပ်သားများအမြင့်ဆုံးဝင်ငွေရရှိကြခြင်းနှင့် ရောင်းဝယ်ရေးလုပ်ကိုင်ရာတွင် လမ်းများကောင်းခြင်း၊ ရွှေဘို၊ မန္တလေး၊ ဝက်လက်၊ လှတော၊ ဆားတောင်၊ စစ်ကိုင်း စသည့် မြို့များနှင့် လွယ်ကူစွာ ဆက်သွယ်လွယ်ကူမှုရှိသည့် အရပ်ဒေသဖြစ်ပါသည်။ ရေဝင်အရပ်ဒေသဖြစ်ပြီး စိုက်ပျိုးချိန် ရေသွင်းမြောင်းမှ ရေကို အသုံးပြုနိုင်သည့် အခွင့်အရေးအပြည့်အဝရရှိသည့် အရပ်ဒေသဖြစ်ပါသည်။ သဘာဝမိုးရာသီဥတု ကောင်းမွန်ညီညွတ်သည့် နှစ်ကာလတွင် စိုက်ပျိုးသီးနှံအထွက်နှုန်းကောင်းမွန်ခြင်းကို ခံစားရပြီး ကောင်းသော အကျိုးကျေးဇူးများရရှိကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုကြရသော လယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက် စသည့် စက်ကြီးများကို အလွယ်တကူ ငှားရမ်းအသုံးပြုနိုင်သည့် အခြေအနေကောင်းများ ရရှိကြပါသည်။ မိုးလေဝသ ညီညွတ်သည့်နှစ်တွင် သီးနှံများ ပိုးကြခြင်းမရှိပဲ ထွက်နှုန်းကောင်းကြပါသည်။ မိုးခေါင်ခြင်း၊ စိုက်ပျိုးသီးနှံဖျက်ပိုးများ ကျရောက်ခြင်း၊ ရေလွှတ်မြောင်းများမှ ဆည်ရေလုံလောက်စွာ မရရှိခြင်း စသည့် နှစ်များလည်း တောင်သူများတွေ့ကြုံခံစားကြရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

အောင်ချမ်းသာကျေးရွာတွင် နွားကို တောင်သူများအနေဖြင့် ရှေးယခင်က လယ်ယာသုံး တိရိစ္ဆာန်အဖြစ် အဓိကအားထားမွေးမြူကြပါသော်လည်း ယခုခေတ်တွင် စက်ကရိယာများကို အလေးထားဆောင်ရွက်လာနိုင်ကြခြင်း၊ ကိုယ်ပိုင်ဝယ်ယူခြင်းမရှိသော်လည်း အခကြေးငွေသတ်မှတ်ချက်နှင့်အညီ ငှားရမ်းအသုံးပြုနိုင်ခြင်းတို့ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ကြပါသည်။ ထို့ကြောင့် အောင်ချမ်းသာကျေးရွာသည် တောင်သူဦးရေ၊ လယ်ဧကနှင့် နွားအကောင်အရေအချိုးကျရောက်ခြင်းမရှိသည်ကို ဖော်ပြပါသည်။ ကြက်၊ ဝက်၊ ဘဲ စသည့် တိရိစ္ဆာန်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူခြင်းသာရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

အောင်ချမ်းသာကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ လက်သမား၊ ပန်းရံ၊ သံပန်းသံဂဟော၊ ဆိုင်ကယ်ပြင်၊ စက်ဘီးပြင်၊ ဆံပင်ညှပ်၊ အလှပြင်၊ အပ်ချုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်နှင့် လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်ကိုင်သူ၊ စိုက်ပျိုးရိတ်သိမ်းချိန် လုပ်သားလုပ်ခြင်း၊ ကျပန်းလုပ်ငန်းများစသည့် လုပ်ငန်းများထဲမှ သင့်လျော်သည့်လုပ်ငန်းများ လုပ်ကိုင်ကြခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ မြို့သို့အသွားအလာ လွယ်ကူခြင်းကြောင့် ကားမောင်းခြင်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

(ဃ) စီးပွားကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်စပါး၊ နှမ်း စသည်တို့ အဓိကထွက်ကုန်အဖြစ် ရောင်းဝယ်ကြပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

အောင်ချမ်းသာကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများ အားလုံးချေးငွေထုတ်ယူသုံးစွဲကြခြင်း၊ ကျေးရွာသို့ ပြင်ပမှ လာရောက်ချေးငွေထုတ်ချေးပေးသည့် ပက်မြန်မာ၊ ပရော်စီမီတီ စသည့် ငွေချေးအဖွဲ့အစည်းများမှလည်း ချေးငွေထုတ်ယူသုံးစွဲကြပါ သည်။ ကာလတိုချေးငွေများကိုသာ ထုတ်ယူသုံးစွဲကြရပါသည်။ လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ပုံစံ(၇) ကို ပေါင်နှံအပ်နှံရပြီး ပြင်ပအဖွဲ့အစည်းချေးငွေအဖွဲ့အား အပေါင်ခံပစ္စည်းအပ်နှံမှု မပြုလုပ်ရပါ။ အချို့မှာ ဆွေမျိုးသားချင်းများထံမှ ချေးငှားခြင်းကို ပြုလုပ်ကြပါသည်။ ကာလရှည်ချေးငွေကို အတိုးနှုန်းနည်းပါးစွာဖြင့် ကျေးရွာသူ/သားများ ချေးယူရရှိပါက မိမိတို့၏ စီးပွားလုပ်ငန်းများတွင် ပိုမို ရင်းနှီးမြှုပ်နှံလာနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

အောင်ချမ်းသာကျေးရွာတွင် စက်ဘီးများကို ကျောင်းသူ/သားများ ကျောင်းသွား လာရေးအတွက် အသုံးပြုကြပြီး မော်တော်ဆိုင်ကယ်ကို အချို့သော သွားလာရေးကိစ္စနှင့်စီးပွားရေး ကိစ္စများတွင် အသုံးပြုကြပါသည်။ စက်ဘီး(၁၀)စီး၊ ဆိုင်ကယ်စီးရေ(၁၃၈)စီး၊ ထော်လာဂျီ(၂)စီးနှင့် နွားလှည်း(၃၃)စီးရှိပါသည်။ သယ်ယူပို့ဆောင်ရေးတွင် အဓိကအသုံးပြုကြပါသည်။ အောင်ချမ်းသာ ကျေးရွာသည် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်း အသုံးပြုနိုင်းခြင်းမရှိပါ။ အောင်ချမ်းသာ ကျေးရွာတွင် ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပါသည်။ အောင်ချမ်းသာကျေးရွာသည် ဝက်လက်မှ ရွာသာကြီးကျေးရွာသို့သွားရာ ကတ္တရာလမ်းသို့ ရောက်ရန်(၅)မိုင်ခန့် ဂျင်းလမ်းကို ဖြတ်၍ လာရပါသည်။ ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်ဖြစ်သော ကျေးရွာတွင်း (0.4 KV) ဓါတ်အားလိုင်း တည်ဆောက်ခြင်းကို ဆောင်ရွက်လျှက်ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

အောင်ချမ်းသာကျေးရွာသည် မြန်မာ့လျှပ်စစ်မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရန် ကြိုးပမ်းဆောင်ရွက်နေသော ကျေးရွာဖြစ်ပါသည်။ လျှပ်စစ်မီးမရရှိမီ ကာလတွင် ဆိုလာနှင့် အခြားမီးလင်းရေးများကို သုံးစွဲကြပါသည်။ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေး

စီမံကိန်းနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း (0.4 KV) ဓါတ်အားလိုင်း လျှပ်စစ်မီးရရှိလာပါက သုံးစွဲသူဦးရေရှိလာမည်ဖြစ်ပြီး ယခု ဆိုလာမီးသုံးစွဲသူ(၁၀၂)ဦးတို့ ရှိကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

အောင်ချမ်းသာကျေးရွာတွင် သတင်းဆက်သွယ်ရေး အချက်အလက်များကို ဖုန်း(၁၇၂)လုံး၊ ရေဒီယို(၂)လုံး၊ တီဗွီ(၂၃)လုံး၊ ဂြိုလ်ထုစလောင်း(၄)လုံး စသည်တို့ရှိပြီး ကျေးရွာမှာ(၂၄)နာရီ လျှပ်စစ်မီးရရှိရေး ကြိုးပမ်းဆောင်ရွက်နေခြင်းနှင့် ၊ မြို့သို့သွားရာလမ်း ပိုမိုကောင်းမွန်ရေး ဆောင်ရွက်နေခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုအားကောင်းလာနိုင်ခြင်းနှင့် ကျေးရွာနေပြည်သူများ အသိဉာဏ်ပိုမိုကြွယ်ဝမှုရှိခြင်း အနေအထားရှိလာနိုင်သော ကျေးရွာဖြစ်ပါသည်။

၆။ ပညာရေး

အောင်ချမ်းသာကျေးရွာတွင် ဘွဲ့ရသူဦးရေ(၈)ဦး မူလတန်းအဆင့် ပညာပြီးမြောက်မှု(၃၉၀)ဦး၊ အလယ်တန်းပညာပြီးမြောက်မှု (၂၆)ဦး၊ အထက်တန်းပြီးမြောက်မှု(၁၀)ဦး ရှိပါသည်။

အောင်ချမ်းသာကျေးရွာတွင် ယခုလက်ရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်တို့တွင် ပညာသင်ကြားနေသော လူဦးရေမှာ (၁၇)ဦးရှိပြီး အမျိုးသမီးဦးရေ ပိုများပါသည်။ ကျေးရွာတွင် အလယ်တန်းစာသင်ကျောင်းအဆင့်ရှိပြီး အထက်တန်းကျောင်းသို့ (၅)မိုင်ခန့် ကွာဝေးသော ဝက်လက်မြို့ထက်တန်းကျောင်းသို့ ကျောင်းတက်ခြင်း အရေအတွက်များပြီး ကိုယ်ပိုင်အထက်တန်းကျောင်းများသို့ ကျောင်းအိပ်ကျောင်းစားနေကြခြင်းဖြင့် အထက်တန်းပညာကို သင်ယူမှုပြုကြပါသည်။ အောင်ချမ်းသာကျေးရွာတွင်နေထိုင်သူ စီးပွားရေးချို့တဲ့သူများ အနေဖြင့် သားသမီးများကို ကျေးရွာတွင်ရှိသော အလယ်တန်းကျောင်းတွင်သာ အပ်နှံထားရှိမှုဖြင့်သာ ပြီးဆုံးရပြီး ဘွဲ့ရရှိနိုင်သည့် ပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်မှု မပြုကြပါ။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

အောင်ချမ်းသာကျေးရွာတွင် အဖြစ်များသည့်ရောဂါဟူ၍မရှိပဲ ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုပ်ကွေး၊ တီဘီ၊ ဆီးချို၊ သွေးတိုးရောဂါများ အနည်းအကျဉ်းသာ ဖြစ်ပွားလျက်ရှိပါသည်။ ကျေးရွာတွင် ရွာတွင်း၌ ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ဝက်လက်မြို့နယ် ဆေးရုံနှင့် ခရိုင်ဆေးရုံ(ရွှေဘိုမြို့)သို့ သွားလာရေးလွယ်ကူစွာ ကုသမှုခံယူခြင်းဆောင်ရွက်နိုင်သည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ကာကွယ်ဆေးထိုးနှံမှုများ၊ တိုက်ကျွေးခြင်းများ အစဉ်ပြုလုပ်လျက်ရှိပါသည်။ ရွာတွင်းဆေးဆိုင်မရှိပါ။ ဝက်လက်မြို့မှ ဆေးဆိုင်တွင် ဝယ်ယူမှုပြုနိုင်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

အောင်ချမ်းသာကျေးရွာတွင် ကြီးမားသော သဘာဝဘေးအန္တရာယ် ကြုံတွေ့ခံစားရခြင်း နည်းပါးပါသည်။ တခါတရံ လေမုန်တိုင်းတိုက်ခတ်ခြင်း ဖြစ်ပေါ်လေ့ရှိပါသည်။ ကုန်းတွင်းပိုင်းအရပ်ဒေသဖြစ်ပြီး ချောင်းကမ်းဘေး အရပ်ဒေသ မဟုတ်ပါ။ သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းရေး အနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျ စည်းကမ်းအလိုက်စွန့်ပစ်နိုင်ရေး အမှိုက်ကင်းစင်

နယ်မြေအဖြစ် သတ်မှတ်နိုင်ရေးတို့အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။သို့မှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုးဆိုးကျိုးကိုခွဲခြားတတ်ခြင်း ဖြစ်ပေါ်လာပါသည်။ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို နည်းစနစ်မှန်စွာ၊ စိတ်ပါဝင်စားစွာဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

အောင်ချမ်းသာကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသား အမျိုးသမီးဦးရေများပြားစွာ တွေ့ရှိရပါသည်။ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်ဖွဲ့စည်းမှုအားနည်းပါသည်။အမျိုးသမီးများလည်း အမျိုးသားများနှင့်တန်းတူ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပါဝင်ဦးဆောင်နိုင်သည့် အနေအထားများရှိလာပါက ကျေးရွာသည် ပိုမိုတိုးတက်လာနိုင်ပါသည်။ကျေးရွာတွင် လယ်ယာစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် အမျိုးသားများသည် အများဆုံးလုပ်အားခ(၁၀၀၀၀)၊ လုပ်ငန်းရှားပါးချိန်တွင် လုပ်အားခ(၇၀၀၀)၊အမျိုးသမီးများ အများဆုံးလုပ်အားခ(၈၀၀၀)နှင့် အနည်းဆုံး(၅၀၀၀)တို့ ရရှိသည့် အနေအထားဖြစ်ပါသည်။ထို့ကြောင့် အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူ လုပ်နိုင်ကိုင်နိုင် စီမံခန့်ခွဲနိုင်သည့် အနေအထားဖြစ်နိုင်သည့် အခြေအနေမျိုး ဖြစ်လာစေရေး ပူးပေါင်းဖိတ်ခေါ် ဆောင်ရွက်သင့်ပါသည်။နယ်မြေများလုံခြုံအေးချမ်းသည့် အရပ်ဒေသဖြစ်ပြီး မှုခင်းများဖြစ်သော လူကုန်ကူးမှု၊ခိုးမှု၊မူးယစ်ဆေးဝါးသုံးစွဲမှု၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်ခြင်း မရှိပါ။

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဝက်လက်မြို့နယ် ၊ ခေါတောကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	လူမှုရေးဆိုင်ရာ အဆောက်အအုံ	လျှပ်စစ်မီးသွယ်တန်းလိုခြင်း	၁
၂	သွားလာရေးဆိုင်ရာ အဆောက်အဦး	ကျေးရွာတွင်းလမ်းခင်းခြင်း	၂
၃	သွားလာရေးဆိုင်ရာ အဆောက်အဦး	ရှိပြီးသော ကုန်ထုတ်လမ်း ပိုမို ကောင်းမွန်ရေးဆောင်ရွက်ခြင်း	၃
၄	လူမှုရေးဆိုင်ရာ အဆောက်အအုံ	ရေစင်ရေစက်ရုံ တည်ဆောက်ခြင်း	၄
၅	လူမှုရေးဆိုင်ရာ အဆောက်အအုံ	စာကြည့်တိုက်ဆောက်လုပ်ခြင်း	၅

ဝက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ခေါတောကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ဦးစားပေးစီမံချက်

စဉ်	စီမံချက်(Project)	ဦးစားပေး အဆင့်	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄
၁	လျှပ်စစ်မီးသွယ်တန်းလိုခြင်း	၁	✓				
၂	ကျေးရွာတွင်းလမ်းခင်းခြင်း	၂		✓			
၃	ရှိပြီးသော ကုန်ထုတ်လမ်း ပိုမို ကောင်းမွန်ရေးဆောင်ရွက်ခြင်း	၃			✓		
၄	ရေစင်ရေစက်ရုံ တည်ဆောက်ခြင်း	၄				✓	
၅	စာကြည့်တိုက်ဆောက်လုပ်ခြင်း	၅					✓

ဝက်လက်မြို့နယ် ၊ အောင်ချမ်းသာကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	စီးပွားဖွံ့ဖြိုးမှု နောက်ကျခြင်း	ဖွံ့ဖြိုးမှုအားကောင်း လာစေလိုခြင်း	လျှပ်စစ်(၅)မိုင် ပတ်လည်အတွင်းရှိခြင်း	-	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	လျှပ်စစ်မီးသွယ်တန်းလိုခြင်း
၂	မိုးတွင်းသွားလာရခက်ခဲခြင်း	ကျေးရွာတွင်းလမ်းများ မြေသားလမ်းဖြစ်ခြင်း	လမ်းများကျယ်ခြင်း	နည်းပညာ+ ငွေကြေး	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	ကျေးရွာတွင်းလမ်းခင်းခြင်း
၃	အချိန်မီရိတ်သိမ်းသယ်ယူမှု မလွယ်ကူခြင်း	သီးနှံများ သယ်ယူရေး မလွယ်ကူခြင်း	ချောင်းရိုးလမ်းရှိခြင်း	နည်းပညာ+ ငွေကြေး	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	ရှိပြီးသော ကုန်ထုတ်လမ်း ပိုမို ကောင်းမွန်ရေးဆောင်ရွက်ခြင်း
၄	သောက်သုံးရေသွားရောက် ခပ်ရခြင်း(၁/၀)မိုင်ကွာဝေး	အိမ်တိုင်ရာရောက် ရေပိုက်လိုင်းစနစ်ရလိုခြင်း	မြေနေရာရှိခြင်း	ရေတွင်းအချို့ ရေငံထွက်ခြင်း	သက်ဆိုင်ရာဌာန+ ပြည်သူထည့်ဝင်ငွေ	ရေစင်ရေစက်ရုံ တည်ဆောက်ခြင်း
၅	အသိပညာ၊ အတက်ပညာ နောက်ကျခြင်း	ဗဟုသုတလေ့လာမှု အားနည်းခြင်း	လူငယ်များအတွက် စိတ်ပါဝင်စားမှု (စာဖတ်ခြင်း) ရှိလာနိုင်ခြင်း	မြေနေရာမရှိခြင်း	ပြည်သူထည့်ဝင်ငွေ	စာကြည့်တိုက်ဆောက်လုပ်ခြင်း

ဝက်လက်မြို့နယ် ၊ အောင်ချမ်းသာကျေးရွာ အဆိုပြုစီမံချက်ရွေးချယ်မှု ရမှတ်ပေါင်း

စဉ်	စီမံချက်	အမှတ်ပေးသူ ၁	အမှတ်ပေးသူ ၂	အမှတ်ပေးသူ ၃	အမှတ်ပေးသူ ၄	အမှတ်ပေးသူ ၅	အမှတ်ပေးသူ ၆	အမှတ်ပေးသူ ၇	အမှတ်ပေးသူ ၈	အမှတ်ပေးသူ ၉	အမှတ်ပေးသူ ၁၀	ရမှတ်စုစုပေါင်း
၁	လျှပ်စစ်မီးသွယ်တန်းလိုခြင်း	၉	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၉၉
၂	ကျေးရွာတွင်းလမ်းခင်းခြင်း	၈	၁၀	၁၀	၁	၉	၃	၁	၁	၁	၃	၄၇
၃	ရိုးရိုးသော ကုန်ထုတ်လမ်း ပိုမို ကောင်းမွန်ရေးဆောင်ရွက်ခြင်း	၁၀	၁	၁၀	၁၀	၅	၁	၁	၁	၁	၁	၄၁
၄	ရေစင်ရေစက်ရုံ တည်ဆောက်ခြင်း	၉	၁၀	၅	၁	၉	၁	၁	၁	၁	၁	၃၉
၅	စာကြည့်တိုက်ဆောက်လုပ်ခြင်း	၁	၁	၂	၁	၉	၁	၁	၁	၁	၁	၁၉

အောင်ချမ်းသာကျေးရွာ ကော်မတီဝင်စာရင်း

တိုင်းဒေသကြီး	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ	ကော်မတီဝင်အမည်	ကျား/မ	ကော်မတီအမည်	ရာထူး	အခြားရာထူး
စစ်ကိုင်း	ဝက်လက်	ခေါတော	အောင်ချမ်းသာ	ဦးခင်မောင်ကြည်	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	ဥက္ကဋ္ဌ	ဥက္ကဋ္ဌ (ဝယ်ယူရေး ဆပ်ကော်မတီ)
စစ်ကိုင်း	ဝက်လက်	ခေါတော	အောင်ချမ်းသာ	ဦးအောင်ညွန့်ဝေ	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	ဘဏ္ဍာရေးမှူး	ဘဏ္ဍာရေးမှူး (ဝယ်ယူရေး ဆပ်ကော်မတီ)
စစ်ကိုင်း	ဝက်လက်	ခေါတော	အောင်ချမ်းသာ	ဦးကျော်ဦး	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အတွင်းရေးမှူး	စာရင်းကိုင် (ဝယ်ယူရေး ဆပ်ကော်မတီ)
စစ်ကိုင်း	ဝက်လက်	ခေါတော	အောင်ချမ်းသာ	ဦးဝင်းနိုင်	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	စာရင်းကိုင်	စေတနာ့ဝန်ထမ်း
စစ်ကိုင်း	ဝက်လက်	ခေါတော	အောင်ချမ်းသာ	ဦးစံလင်း	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း
စစ်ကိုင်း	ဝက်လက်	ခေါတော	အောင်ချမ်းသာ	ဦးထွန်းပိုင်	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း
စစ်ကိုင်း	ဝက်လက်	ခေါတော	အောင်ချမ်းသာ	ဦးနိုင်လင်း	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း
စစ်ကိုင်း	ဝက်လက်	ခေါတော	အောင်ချမ်းသာ	ဦးဟန်သိန်း	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း
စစ်ကိုင်း	ဝက်လက်	ခေါတော	အောင်ချမ်းသာ	ဦးချစ်ဌေး	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း
စစ်ကိုင်း	ဝက်လ	ခေါတော	အောင်ချမ်းသာ	ဦးခင်မောင်မြင့်	ကျား	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း

	က်							
စစ်ကိုင်း	ဝက်လက်	ခေါတော	အောင်ချမ်းသာ	ဒေါ်ကြည်သန်း	မ	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းကော်မတီ	အဖွဲ့ဝင်	စေတနာ့ဝန်ထမ်း

သင်တန်းဆိုင်ရာ အချက်အလက်များ ထည့်သွင်းထားသည့် နမူနာပုံစံ

တိုင်းဒေသကြီး	မြို့နယ်	သင်တန်း/အစည်းအဝေးကျင်းပရာနေရာ	သင်တန်း/အစည်းအဝေးအမည်	စုစုပေါင်းအုပ်စုအရေအတွက်	စုစုပေါင်းကျေးရွာအရေအတွက်	ကျင်းပသည့်နေ့စွဲ (ရက်/လ/နှစ်)	ကြာချိန် (ရက်)	အမျိုးသားစုစုပေါင်း	အမျိုးသမီးစုစုပေါင်း	စုစုပေါင်း

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၄	၂	၆
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၈	၂၁	၄၉
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၈	၃၉	၆၇
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၄	၃၁	၅၅
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၂၉	၂၅၈	၄၈၇
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀	၉	၁၉
စုစုပေါင်း		၃၂၃	၃၆၀	၆၈၃
စုစုပေါင်း အိမ်ထောင်စု		၁၆၀		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - အောင်ချမ်းသာကျေးရွာသည် နို့စို့အရွယ်နှင့်သက်ကြီးရွယ်အို အရေအတွက် နည်းပါးပြီး အလုပ်လုပ်နိုင်သော လူငယ်အရေအတွက် များပြားသည်ကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အဓိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၅	၁၄၀	၁၅	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□□လတ်□□နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□□လတ်□□နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၁၅	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အဓိက အလုပ်အကိုင်	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား /	၀	၀	၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - အောင်ချမ်းသာကျေးရွာတွင် အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပါသည်။ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် ကြီးမားသော လုပ်ငန်း အမျိုးအစားမရှိသည်ကို တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၇၀၀၀	၈၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၄၀၀၀	၇၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ရောင်းဝယ်ရေး					
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – အောင်ချမ်းသာကျေးရွာသည် လုပ်ငန်းနှင့် ကျား/မအလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထားများကို ဇယားတွင် ဖော်ပြထားသည့်အတိုင်း တွေ့ရှိရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၁၆.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၃.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၂၈၉	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - အောင်ချမ်းသာကျေးရွာတွင် အဓိကစိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေနှင့်ယာမြေများဖြစ်ပါသည်။ ကျေးရွာ၏ အနောက်ဘက်ခြမ်းရှိ လယ်မြေများမှာ ဆည်ရေသောက် စိုက်ပျိုးမြေများဖြစ်ပြီး ကျေးရွာ၏ အရှေ့ဘက်ရှိ လယ်မြေများမှာ မိုးကောင်းတော လယ်မြေများ ဖြစ်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)**	**အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ□□□□ သင့် □□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ□□□□ သင့် □□□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□□□□ သင့်□□□□ နည်း□□ မရှိ□□	လွယ်□□□□ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ□□□□ သင့် □□ နည်း□□ မရှိ□□	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ၊ ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ကျောက်၊ သဲ၊ ကျောက်စရစ် စသည်တို့ ထုတ်လုပ်အသုံးချမှု မရှိပါ။ သဘာဝအပင်မျိုးစိတ်နှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အသင့်အတင့်ရှိသော အနေအထားရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄	၄၉	၅၇	၅၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - အောင်ချမ်းသာကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုနည်းပါးပြီး အဆင်မပြေသော အိမ်ထောင်စုများပြားစွာရှိသည်ကို တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၃	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၅ ချေးယူ = ၂၀ လုပ်အားခကြိုယူ = ၅
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၁၂၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၂၀

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် အဓိကလုပ်ငန်းဖြစ်ကြသော လယ်ယာစိုက်ပျိုး ကြသူများသည်လည်း စိုက်ဘဏ်ချေးငွေထုတ်ယူကြရပါသည်။ လယ်ယာမြေမရှိသူများမှာလည်း ပြင်ပ ချေးငွေများ ထုတ်ယူသုံးစွဲကြခြင်းနှင့် နီးစပ်ရာများမှ အထောက်အပံ့ယူခြင်းနှင့် လုပ်အားခ ကြိုတင် ထုတ်ယူခြင်းများ ရှိကြသည်ကို တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၂	၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၃		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေကို ဇယားတွင် ဖော်ပြထားသည့်အတိုင်း လေ့လာတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၃	ရေကြီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၄	မိုးခေါင်ခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၅	အအေးလွန်ကဲခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၆	မုန်တိုင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၇	ငလျင်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၈	မီးဘေး	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၉	ဆားငန်ရေဝင်မြေ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၂	ငှက်ဖျားရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၃	တီဘီရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၇	လူကုန်ကူးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာ၏ ထိခိုက်လွယ်မှုအမျိုးအစားများ၏ ထိခိုက်လွယ်မှု အခြေအနေကို ဇယားတွင် ဖော်ပြထားသည့်အတိုင်း တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၁၅	ဆေးစွဲသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		□
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၁၈	နေရပ်ပြန် အခြေချသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျေးရွာတွင် ထိခိုက်မှုခံရနိုင်သည့်သူများမှာ လူငယ်/အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု ဆင်းရဲသား တောင်သူ၊ လက်လုပ်လက်စား ကျပန်းများ၊ လှည့်လည်သွားလာဈေးရောင်းသူများနှင့် ကားမောင်းပြီး အသက်မွေးသူများဖြစ်ကြပါသည်။ ထိခိုက်လွယ်မှုကို ဇယားတွင် ဖော်ပြထားသည့်အတိုင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	မီးကော်မတီ	၁ ☐ ၂ ☐ ၃ ☐	၇	၀	၇	ပညာရေး☐☐ ငွေကြေး☐☐ ကျန်းမာရေး☐☐ ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၂		၁ ☐ ၂ ☐ ၃ ☐				ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၃		၁ ☐ ၂ ☐ ၃ ☐				ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၄		၁ ☐ ၂ ☐ ၃ ☐				ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၅		၁ ☐ ၂ ☐ ၃ ☐				ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး□□	
၆		၁ □ ၂ □□□□□၃ □				ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□ ညံ့□□
၇		၁ □ ၂ □ ၃ □				ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□ ညံ့□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပတ်မြန်မာ	၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး □□ငွေကြေး □□ကျန်းမာရေး □□ဘာသာရေး □□စိုက်ပျိုးမွေးမြူရေး

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			??သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ?
၂	မြကျွန်းသာ	၁ ??၂ ??၃ ? ၅ ??၆ ??၇ ?	ပညာရေး ??ငွေကြေး ??ကျန်းမာရေး ??ဘာသာရေး ??စိုက်ပျိုးမွေးမြူရေး ??သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ?
၃	အလိုင်းရင့်	၁ ? ၂ ??၃ ??၄ ? ၅ ??၆ ??၇ ?	ပညာရေး ??ငွေကြေး ??ကျန်းမာရေး ??ဘာသာရေး ??စိုက်ပျိုးမွေးမြူရေး ??သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ?
၄		၁ ??၂ ??၃ ??၄ ? ၅ ??၆ ??၇ ?	ပညာရေး ??ငွေကြေး ??ကျန်းမာရေး ??ဘာသာရေး ??စိုက်ပျိုးမွေးမြူရေး ??သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ?
၅		၁ ??၂ ??၃ ??၄ ? ၅ ??၆ ??၇ ?	ပညာရေး ??ငွေကြေး ??ကျန်းမာရေး ??ဘာသာရေး ??စိုက်ပျိုးမွေးမြူရေး ??သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ?
၆		၁ ??၂ ??၃ ??၄ ? ၅ ??၆ ??၇ ?	ပညာရေး ??ငွေကြေး ??ကျန်းမာရေး ??ဘာသာရေး ??စိုက်ပျိုးမွေးမြူရေး ??သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ?

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – အောင်ချမ်းသာကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ ငွေကြေးအဖွဲ့အစည်းများ ဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွဲ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၅၇	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄၉	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၄	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၆၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု အခြေအနေကို ဇယားတွင် ဖော်ပြထားသည့်အတိုင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၂၀၉.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐	ရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက် □ မဖြေဆိုပါ □	မရှိ □ မဖြေဆိုပါ□
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး □ ရာသီအလိုက် □ မဖြေဆိုပါ □	ရှိ □ မရှိ □ မဖြေဆိုပါ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် လယ်မြေဧက စုစုပေါင်း(၂၈၉)ဧကရှိသည့် အနက် ကျေးရွာ၏ အနောက်ဘက်ခြမ်းရှိ လယ်မြေဧက(၂၀၉)မှာ ဆည်ရေသောက် စိုက်ပျိုးမြေဖြစ်ပြီး ကျေးရွာ၏ အရှေ့ဘက်ခြမ်းရှိ လယ်မြေများမှာ မိုးကောင်းတော စိုက်ပျိုးမြေဧကများ ဖြစ်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၂၈၉	တင်း	၂၀	၅၀	၃၅	ဇူလို	ဒီဇင်	မြင့်□□□လတ်□□□□နိ	မြင့်□□□လတ်□□□□

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူ နစ်	အ နည်း ဆုံး	အ များ ဆုံး	ပျှမ်း မျှ	မှ	ထိ		
						င်	ဘာ	မ့် ?	နိမ့် ?
								မြင့်???လတ်????နိမ့် ?	မြင့်???လတ်????နိမ့် ?
								မြင့်???လတ်????နိမ့် ?	မြင့်???လတ်????နိမ့် ?
								မြင့်???လတ်????နိမ့် ?	မြင့်???လတ်????နိမ့် ?
								မြင့်???လတ်????နိမ့် ?	မြင့်???လတ်????နိမ့် ?
								မြင့်???လတ်????နိမ့် ?	မြင့်???လတ်????နိမ့် ?

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် – ကျေးရွာတွင် စပါးစိုက်မြေများမှာ ဆည်ရေသောက်နှင့် မိုးကောင်းတော စိုက်ပျိုးမြေ(၂)ရှိသော အရပ်ဒေသဖြစ်သောကြောင့် ဆည်ရေသောက်လယ်မြေမှ သီးနှံ အထွက်နှုန်းကို ဖော်ပြထားခြင်းဖြစ်ပါသည်။ မိုးရေရရှိမှုအခြေအနေကို အားထားစိုက်ပျိုးရသော မိုးကောင်း တောများသည် သီးနှံထွက်နှုန်းကို သေချာစွာတွက်ချက်၍ မရရှိသည်ကို တွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၂	၀	၀	၀
လက်တွန်းထွန်စက်	၅	၀	၀	၀
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၂	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀

စက်အမျိုးအစား	**တစ်ဦးချင်းပိုင်**	**ရွာပိုင်**	**အဖွဲ့ပိုင်**	**ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်**
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၇	၀	၀	၀
ခြေနင်းရေတင်စက်	၁	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများကို တစ်ဦးပိုင်အခြေအနေများဖြစ်ကြသည်ကို တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** **(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)**
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း□□□□ကောင်း□□□□ သင့်တင့်မျှတ □□□□မဖြေဆိုပါ □
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း□□□□ကောင်း□□□□ သင့်တင့်မျှတ □□□□မဖြေဆိုပါ □
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ □□□□အသင့်အတင့်ရှိ □□□□ မဖြေဆိုပါ □
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် □□□ရသည် □□□□ မဖြေဆိုပါ □
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည် □□□□ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် □□□□မဖြေဆိုပါ □
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် □□□□ ဝယ်ယူရနိုင်သည် □□□□ မဖြေဆိုပါ □
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် □□□□ ဝယ်ယူရနိုင်သည် □□□□ မဖြေဆိုပါ □
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် □□□□ ရနိုင်သည် □□□□ မဖြေဆိုပါ □
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် □□□□ ရနိုင်သည် □□□□ မဖြေဆိုပါ □
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □□□□ သီးနှံများကို ရောင်းချနိုင်သည် □□□□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများကို ဇယားတွင်ဖော်ပြထားသည့်အတိုင်း တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)**
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း □□□□ရာသီဥတုမမှန် □□□□ မဖြေဆိုပါ □
